# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 4 , 2023 Volume 71, Number 3

၄.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၂.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၀.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၃၈.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၇.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၇၃ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၆၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## မန္တလေးကုန်စည်ဒိုင်၏ မြေပဲဆန် ဈေးနှုန်းဈေးကွက်အခြေအနေ

မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတစ်ဝိုက်မှ မြေပဲဆန်အသစ်များ လှိုင်လှိုင်ဝင်ရောက်နေကြောင်း သိရသည်။ မြေပဲလုံးဆန်များကို တရုတ်ဝယ်လက်မှ ဝယ်ယူမှုနည်းခြင်း၊ ဆီဆန်ကို ဆီစက်သမားများမှ ဝယ်ယူမှုအားေခြင်း၊ နိုင်ငံတော်မှ သက်သာသောဈေးနှုန်းများဖြင့် စားအုန်းဆီများရောင်းချပေးခြင်း၊ မြေပဲဆန်အသစ်များ ဈေးကွက်အတွင်း လှိုင်လှိုင်ဝင်ရောက်နေခြင်းတို့ကြောင့် ဈေးနှုန်းကျဆင်းလာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈၀၀ မှ ၇၅၀၀၊ ယခင်တစ်ပတ်ကျပ် ၇၅၀၀ မှ ၇၈၀၀၊ ယခင်လကျပ် ၈၅၀၀ မှ ၈၈၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ၇၀၀၊ ယခင်လထက်ကျပ် ၁၃၀၀ မှ ၁၇၀၀ နိမ့်ကျလာသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၆၅၀၀ မှ ၆၇၀၀၊ ယခင်တစ်ပတ် ကျပ် ၆၇၀၀ မှ ၆၉၅၀၊ ယခင်လ ကျပ် ၇၅၀၀ မှ ၇၆၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂၀၀ မှ ၂၅၀ ၊ ယခင်လထက် ကျပ် ၉၀၀ မှ ၁၀၀၀ နိမ့်ကျလာသည်။

**S1 ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၀၀၀ မှ ၆၁၀၀၊ ယခင်တစ်ပတ်ကျပ် ၆၃၀၀ မှ ၆၆၀၀၊ ယခင်လကျပ် ၆၀၀၀ မှ ၆၂၀၀ ဖြစ်ခဲ့သည်၊ ယခင်တစ်ပတ်ထက် ကျပ် ၃၀၀ မှ ၅၀၀ ယခင်လထက်ကျပ် ၁၀၀ နိမ့်ကျလာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်နေ့အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူး၄က်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်လောင်စာတောင့်များတင်ပို့ခဲ့ပြီး ပို့ကုန်၏ စုစုပေါင်းငွေပမာဏမှာ ၆၉၄၄၇၇.၂၆၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့ထိ တင်ပို့ကုန်၏ ငွေပမာဏ ၇၆၄၈၀၃.၉၃၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၇၀၃၂၆.၆၇၀ ကန်ဒေါ်လာ တန်ဖိုးလျော့နည်း၍ တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်နေ့အတွင်း ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ စက်နှင့်စက်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ တာယာနှင့်ကျွတ်များ၊ ဓာတုဗေဒချည်ခင်များ၊ သံပိုက်၊ စက်ဘီး၊ ကားတာယာနှင့်မြက်ခင်းတုများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏတန်ဖိုးမှာ ၈၀၄၂၂.၁၇၀ ကန်ဒေါ်လာ တင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ ၂၂ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၆၂၄၉၁၀.၄၂၀ ကန်ဒေါ်လာနှင့်ကာလတူ တင်သွင်းကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၇၉၁၁၀.၇၅၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍ တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့် တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၁၀၉၇၄၃.၉၁၀ ကန်ဒေါ်လာတန်ဖိုးလျော့နည်း၍ ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၉၃.၂၅ ကျပ်ရှိကြောင်း သိရှိရပါသည်။

**Source: ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## ပြည်တွင်းသကြားဈေးနှုန်းများ မြင့်တက်လာ

ပြည်တွင်းသကြားဈေးနှုန်းများသည် ပြီးခဲ့သည့် စက်တင်ဘာလထက် ပိုမြင့်တက်လာနေကြောင်း သကြားနှင့်သကာရည် ကုန်စည်ဒိုင်အသင်း-မန္တလေး၏ ထုတ်ပြန်ချက်များအရ သိရသည်။

၂၀၂၃ ခုနှစ် ဩဂုတ်လ (၂) ရက်နေ့တွင် ပေါင်းသကြား တပိဿာ ကျပ် (၃၃၅၀) မှ (၃၅၀၀) ကျပ်အတွင်း၊ ခဲသကြား တပိဿာ ကျပ် (၃၀၀၀) အထက်၊ ပွက်သား ကျပ် (၂၃၀၀) မှ (၂၅၀၀) ကျပ်ကြား၊ ခဲစက်ကျရည်ဈေး ကျပ် (၁၇၅၀) နှင့် ပေါင်းစက်ကျရည် (၆၈၀) မှ (၁၂၀၀) ကြားရှိခဲ့သည်။

စက်တင်ဘာလ (၁) ရက်နေ့တွင် ပေါင်းသကြား တပိဿာ ကျပ် (၃၂၈၀) မှ (၃၃၀၀) ကျပ်အတွင်း၊ ခဲသကြား တစ်ပိဿာ ကျပ် (၂၇၅၀) အထက်၊ ပွက်သား ကျပ် (၂၆၅၀) အထက်၊ ခဲစက်ကျရည်ဈေး ကျပ် (၁၈၀၀) နှင့် ပေါင်းစက်ကျရည် (၆၈၀) မှ (၁၂၀၀) ကြားရှိခဲ့သည်ဟု မန္တလေးရှိ သကြားနှင့်သကာရည် ကုန်စည်ဒိုင်အသင်းက ထုတ်ပြန်ထားသည်။

အောက်တိုဘာလ (၂) ရက်နေ့တွင်မူ ပေါင်းသကြားတစ်ပိဿာ ကျပ် (၃၆၅၀) မှ (၃၇၅၀) ကျပ်အတွင်း၊ ခဲသကြား တပိဿာ ကျပ် (၃၃၅၀) အထက်၊ ပွက်သား ကျပ် (၃၀၀၀) မှ (၃၁၀၀) ကျပ်ကြား၊ ခဲစက်ကျရည်ဈေး ကျပ် (၂၀၀၀) နှင့် ပေါင်းစက်ကျရည် (၇၅၀) မှ (၁၃၅၀) ကြားရှိခဲ့သည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် အောက်တိုဘာလအတွင်း ပေါင်းသကြားတစ်ပိဿာလျှင် ကျပ် (၄၅၀) ဝန်းကျင် ဈေးမြင့်တက်လာပြီး ခဲသကြား ကျပ် (၆၀၀) ဝန်းကျင်၊ ပွက်သကြား ကျပ် (၄၅၀) ဝန်းကျင်၊ ခဲစက်ကျရည် ကျပ် (၂၀၀) ဝန်းကျင် ဈေးမြင့်တက်လာခဲ့သည်ကိုတွေ့ရှိရသည်။

ပြည်တွင်းသကြားဈေးမြင့်တက်မှုသည် ပြီးခဲ့သည့် စက်တင်ဘာလ (၂၈) ရက်နေ့နောက်ပိုင်းမှစတင်ကာ ဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ အဆိုပါသကြားဈေးနှုန်းသည် မန္တလေးသကြားနှင့်သကာရည် ကုန်စည်ဒိုင်အတွင်းဖြစ်ပေါ်နေသော ဈေးနှုန်းများဖြစ်ပြီး သကြားလက်လီဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် (၄၀၀၀)နှင့် အထက်တွင်ရှိနေသည်။ ပြည်တွင်းသကြားကို ဗီယက်နမ်နှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ဝယ်ယူလိုနေပြီး အမှာစာပေးပို့ခြင်း၊ လေ့လာခြင်းတို့ကို ပြီးခဲ့သည့် စက်တင်ဘာလလယ်က ပြုလုပ်ခဲ့ကြကြောင်း ပြည်တွင်းသတင်းများက ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံတွင် သကြားစက်ရုံပေါင်း (၂၃) ရုံရှိကာ နှစ်စဉ်သကြားတန်ချိန် (၄) သိန်းဝန်းကျင်ထွက်ရှိကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရသည်။

**Source:** http://www.etrademyanmar.com.mm

## စစ်တွေကုန်သွယ်ရေးစခန်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၃.၉.၂၀၂၃ မှ ၂၉.၉.၂၀၂၃ အတွင်းကုန်သွယ်မှု

ရခိုင်ပြည်နယ်အတွင်းရှိ စစ်တွေကုန်သွယ်ရေးစခန်းမှတဆင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ (၂၃-၉-၂၀၂၃) မှ (၂၉-၉-၂၀၂၃)အထိ အမှန်တင်ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့၊ ဇီးဖတ်၊ ချင်း(အစို)၊ ချင်း(အခြောက်)၊ နနွင်းတက်၊ အုန်းသီးခြောက်၊ ငါးမြစ်ချင်း၊ ငါးသိုင်းခေါင်းပွနှင့် ဇီးယိုထုပ်တို့တင်ပို့ရာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၆၃၀၇ ဒသမ ၆၀ ဒေါ်လာ တင်ပို့ခဲ့ကြောင်း သတင်းရရှိပါသည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်အနေဖြင့် ချင်း(အစို) တန်ချိန် ၁၄ တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ အုန်းသီး ခြောက်တန်ချိန် ၄၅ တန် တင်ပို့ခဲ့ပြီး ယခင်အပတ်ထက် ယခုအပတ်တွင် ချင်း(အစို)တန်ချိန် တင်ပို့နိုင်မှု လျော့နည်း သွားကြောင်းသိရပါသည်။ ယခုအပတ် ချင်း(အစို) တင်ပို့နိုင်မှုငွေပမာဏမှာ ၆၃၀၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

၂၀၂၃ ခုနှစ် စက်တင်ဘာလ ၂၃ ရက်မှ ၂၉ ရက်အထိ ရခိုင်ပြည်နယ်၊ စစ်တွေမြို့ ကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရေထွက်ပစ္စည်းအနေဖြင့် ငါးသိုင်းခေါင်းပွ တန်ချိန် ၆ ဒသမ ၀၄၈တန် တင်ပို့ခဲ့ပါသည်။ ယခင်အပတ်မှာ ငါးသိုင်းခေါင်းပွ တန်ချိန် ၁ ဒသမ ၉၆၈ တန် တင်ပို့ခဲ့ပြီး၊ ယခင်အပတ်ထက် ယခုအပတ်တွင် ငါးသိုင်းခေါင်းပွ တန်ချိန်ပိုမို၍တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ယခုအပတ် ငါးသိုင်းခေါင်းပွ  တင်ပို့နိုင်မှု ငွေပမာဏမှာ ၈၄၆၇ ဒသမ ၂၀ ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

**Source: ရခိုင်ပြည်နယ်ဦးစီးမှူးရုံး**

## မန္တလေးကုန်စည်ဒိုင်တွင် ပဲလွန်းနှင့် ပဲဇီးကွက်ဈေးအေးသော်လည်း အရောင်းအဝယ်သွက်နေ

အောက်တိုဘာလ ပထမပတ်အတွင်း မန္တလေးကုန်စည်ဒိုင်ပဲမျိုးစုံ ဈေးကွက်တွင် ပဲလွန်းဖြူနှင့်ပဲဇီးကွက် ယခင် တစ်ပတ်ထက် ဈေးအေးသွားသော်လည်း ပြည်တွင်းဈေးကွက်အပြင် ပြည်ပအဝယ်ရှိလာသောကြောင့် အရောင်းအဝယ် သွက်နေကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှသိရသည်။

**ပဲလွန်းဖြူ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၇၀၀၀၀ မှ ၁၇၅၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၇၀၀၀၀ မှ ၁၇၅၀၀၀၊ ယခင်လ ကျပ် ၁၆၀၀၀၀ မှ ၁၆၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်အတိုင်း ဈေးငြိမ်နေပြီး၊ ယခင်လထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**ပဲလွန်းပြာ** ၆၀ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၈၀၀၀၀ မှ ၁၉၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၉၅၀၀၀ ၊ ယခင်လ ကျပ် ၁၆၅၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၅၀၀၀ မှ ၁၅၀၀၀ နိမ့်ကျလာပြီး ၊ ယခင်လထက် ကျပ် ၁၅၀၀၀ မှ ၂၅၀၀၀ မြင့်တက်လာသည်။

**ပဲဇီးကွက်** ၅၈.၂၅ ပိဿာဝင် သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်တွင် ကျပ် ၁၅၅၀၀၀ မှ ၁၆၀၀၀၀ ၊ ယခင်တစ်ပတ် ကျပ် ၁၅၇၀၀၀ မှ ၁၆၀၀၀၀ ၊ ယခင်လ ကျပ် ၁၄၅၀၀၀ မှ ၁၅၀၀၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက်ကျပ် ၂၀၀၀ နိမ့်ကျလာပြီး ယခင်လထက် ကျပ် ၁၀၀၀၀ မြင့်တက်လာသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်ပအဝယ်မရှိ၍ ပြည်တွင်းငရုတ်သီးခြောက်ဈေးကျဆင်း




ပြည်ပအဝယ်မဆွဲ၍ ပြည်တွင်းငရုတ်သီးခြောက်ဈေးမှာ အရောင်းအဝယ်အေးပြီး ဈေးကျဆင်းသွားကြောင်း ငရုတ်သီးကုန်သည်များထံမှ သိရသည်။

လက်ရှိ ငရုတ်သီးအား ပြည်ပနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ အဓိကထား တင်ပို့နေရခြင်း ဖြစ်ပြီး ပြည်ပသို့တင်ပို့ရာတွင်အခွန်ကိစ္စတွေများ အပါအဝင်အခက်ခဲများကြောင့် အဝယ်တွေ ရပ်ထား၍ ဈေးသိသိသာသာကျဆင်းသွားကြောင်းသိရသည်။

အပေါ်လမ်းကြောင်းက ထွက်ပေါက်တွေမရှိလို့ပေါ့၊ ပြည်ပထွက်ကုန်ရှိမှသာ ဈေးနှုန်းက လိုက်တာ၊ အခုကမထွက်တော့ ပြည်တွင်းမှာပစ္စည်းများပြီး ဈေးကတော်တော်

ကျသွားတယ်။ Customs အခြေအနေတွေများပြီး ပြည်ပအဝယ်တွေ ရပ်နေတာလို့ သုံးသပ်ရတယ်”ဟု ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ငရုတ်သီးကုန်သည်တစ်ဦးက ပြောသည်။

ယခင်က ငရုတ်သီးခြောက် တစ်ပိဿာလျှင် ၁၅၀၀၀ ကျော်ထိ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိတပိဿာလျှင် ၈၀၀၀ မှ ၉၀၀၀ ကြားတွင်သာ ရှိတော့ကြောင်းသိရသည်။ လက်ရှိ အခြေခံစားသောက်ကုန် အများအပြား ဈေးတက်နေသော်လည်း ငရုတ်သီးခြောက်မှာ ဈေးမြင့်တက်မှုမရှိသောကြောင့်သိရပြီး ပြည်တွင်းစားသုံးမှုမှာ အနေတော်ဖြစ်နေသည့်အတွက် ဈေးအရမ်းကျဆင်းသွားခြင်းမရှိခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိပေါက်ဈေးမှာ တောင်သူများအနေဖြင့် သွင်းအားစုများ ဈေးတက်နေခြင်းကြောင့် တွက်ခြေသိပ်မကိုက်ကြောင်း သိရသည်။ ဒီဈေးက တောင်သူတွေအတွက် ဘယ်ကိုက်မလဲ ဒါပေမဲ့ လုပ်လို့ကိုင်လိုတော့ရပါတယ်။ ပိုးဆိုးပက်စက်တော့ ဒုက္ခမရောက်ဖူးပေါ့၊ တောင်သူတွေကတော့ စိုက်နေကြဦးမှာပဲ”ဟု ငရုတ်စိုက်တောင်သူတစ်ဦးက ပြောသည်။

လက်ရှိဈေးကွက်တွင် ငရုတ်သီးများ လက်ကျန်များနေပြီး ထပ်မံ၍ နှစ်လပိုင်းတွင် ငရုတ်သီးအသစ်များ ဝင်ရောက်လာပါက ထပ်မံကျဆင်းသွားနိုင်ကြောင်း သိရသည်။ ထို့အပြင် ငရုတ်သီးအား လှောင်ထားသည့်သူများလည်းရှိနေပြီး လှောင်ထားသည့်သူများအနေဖြင့် လက်ရှိဈေးဖြင့် တွက်ချေမကိုက်ကြောင်း သိရသည်။ အချို့ ပြည်ပတင်ပို့သူများအနေဖြင့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းနှင့် တင်ပို့မှုမူဝါဒအခက်အခဲများကြောင့် ပြည်ပမှပေးသည့် ဈေးနှုန်းရရှိမှုနှင့် တွက်ခြေမကိုက်သည့်အတွက် တင်ပို့နိုင်ခြင်းရှိကြောင်းလည်း သိရသည်။

မကြာသေးမီက ထိုင်းနိုင်ငံသို့ တင်ပို့နေသည့် အဓိကလမ်းကြောင်းဖြစ်သော မြဝတီအာရှလမ်းမကြီးပျက်စီးခဲ့၍ ကုန်သွယ်မှုပြတ်တောက်မှုများဖြစ်ပွားပြီး နောက်ပိုင်းအရောင်းအဝယ် သိသိသာသာ အေးစက်သွားကြောင်းသိရသည်။

**Source: (AMIA)**

https://l.htwettoe.com/v2

## ဖရဲဈေးကွက်ကျဆင်း ဝယ်လိုအားမရှိဖြစ်နေ




မြန်မာ့ဖရဲသီး တရုတ်ဈေးကွက်ကိုတင်ပို့ရောင်းချမှု တွက်ချေမကိုက်သည့်အတွက် တင်ပို့မှုရပ်နားကာ ရန်ကုန်ဈေးကွက်ကိုသာ ပြောင်းလဲတင်ပို့ရောင်းချနေရကြောင်း ကုန်သည်များထံမှသိရသည်။

တရုတ်ဈေးကို ဖရဲသီးတင်ပို့ရောင်းချရာတွင် ၁၂ ဘီးကားတစ်စီး ဖရဲသီး ကုန်ပစ္စည်းဖိုးနှင့် အထွေထွေကုန်ကျစရိတ်အပါအဝင် ၇၅ သိန်း ဝန်းကျင်ကုန်ကျမှုရှိပြီး ဖရဲသီးပြန်လည်ရောင်းချရသည့်ငွေက သိန်း ၆၀ ဝန်းကျင်သာရှိသဖြင့် ကားတစ်စီးကို ၁၅ သိန်းလောက် ဆုံးရှုံးမှုရှိနေခြင်းဖြစ်သည်ဟုဆိုသည်။

သို့အတွက်ကြောင့် ဖရဲကားများသည် ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသဖြင့် ရန်ကုန်ဈေးကွက်တွင်လည်း ဖရဲကားများဝင်ရောက်မှုများပြီး ဝယ်လိုအားက မရှိသလောက်နည်းနေသည့်အတွက် ဈေးနှုန်းကကျဆင်းနေသည်ဟုသိရသည်။ "မူဆယ်နယ်စပ်ကလည်း ဘယ်လိုမှမကိုက်ဘူး၊ တရုတ်ကလည်း ဖရဲသီးပေါ်နေတယ်ဆိုတော့ အဝယ်မလိုက်ဘူး။ ဒီကနေ မူဆယ်ကို ကားတစ်စီးတက်သွားရင် သိန်း ၇၅ ကနေ ၈၀ ကြားကုန်တယ်၊ ကားခတို့ အထွေထွေစရိတ်အပါပေါ့၊ ဟိုမှာရောင်းရတာက တစ်တန်က ၁၂၀၀၊ ၁၀၀၀ ပဲ ရောင်းရတော့ ဘယ်လိုမှမကိုက်တော့ဘူး၊ ဒီတော့ထွက်ပေါက်ဖြစ်တဲ့ ရန်ကုန်ကို စက်တင်ဘာ ၃၀ နဲ့ အောက်တိုဘာ ၁ ရက်နေ့မှာ ဒညင်းကုန်းနဲ့သီရိမင်္ဂလာဈေးကို အစီး ၁၀၀ လောက်ဝင်တယ်၊ အဲဒီတော့ လက်ရှိကအဝယ်မရှိဘူး အပျက်အစီးများပြီး ဝယ်သူပေးတဲ့ဈေးနဲ့ပဲ ရောင်းနေရတယ်။ ဖရဲသီးက ရာသီဥတုနဲ့လည်းဆိုင်တယ်၊ ရောင်းလိုအားနဲ့ဝယ်လိုအား မမျှတာလည်းပါတယ်" ဟု ဒညင်းကုန်းဈေးတွင် ဖရဲသီးပွဲရုံဖွင့်လှစ်ထားသည့် ကိုသစ္စာမှပြောပြသည်။

ရန်ကုန်ဈေးကွက်ကို မိတ္ထီလာ၊ ချောင်းဦး၊ ကျောက်ဆည်၊ မြင်းခြံ ၊ တပ်ကုန်းစသည့် နယ်ဒေသအစုံမှ ဖရဲသီးများဆက်တိုက်ဝင်ရောက်နေပြီး ချောင်းဦးမှရန်ကုန်ကို ကားငှားစရိတ်သည် ၁၈ သိန်းခွဲမှ ၁၉ သိန်းအထိကုန်ကျပြီး ဖရဲသီး

ကုန်ပစ္စည်းဖိုးနှင့်အထွေထွေစရိတ် အပါအဝင်ဆိုရင် သိန်း ၅၀ မှ သိန်း ၆၀ အထိကုန်ကျမှုရှိကြောင်း၊ လက်ရှိပြန်လည်ရောင်းချရာ၌ သိန်း ၅၀ အောက်သာရောင်းချနေရသည်ဟု သိရသည်။

လက်ရှိတွင် တရုတ်ဘက်ကို ဖရဲသီးတင်ပို့ရန် အော်ဒါရရှိသည့်ကုန်သည်အချို့သာ တင်ပို့မှုရှိနေကြောင်းသိရသည်။ "ဖရဲကားအနည်းငယ်တော့ သွားတာတွေ့ရတယ်၊ အော်ဒါရတဲ့သူတွေပေါ့။ ဈေးကွက်ကတော့ မတည်ငြိမ်တော့ပြောရခက်တယ်"ဟု မူဆယ်နယ်စပ်ကုန်သည်တစ်ဦးမှ မှတ်ချက်ပြုသည်။

ယခင်က မြန်မာ့ဖရဲသီးသည် တရုတ်ဈေးကွက်တွင် ၁၆ ဘီးကားတစ်စီးကို တရုတ်ယွမ်ငွေ ၁၁၀၀၀၀ အထိ အမြင့်ဈေးနှုန်းရရှိခဲ့သော်လည်း လက်ရှိတွင် ကားအစီးပြတ်ကို တရုတ်ယွမ်ငွေ ၈၀၀၀ မှ ၁၂၀၀၀ အထိသာ ရရှိနေကြောင်းသိရသည်။

ဖရဲသီး ဈေးကွက်ကျဆင်းသည့်အတွက် ဖရဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိမှုနည်းသလို ကုန်သည်များ၊ ပွဲရုံများလည်း အကျိုးအမြတ်ရရှိမှုနည်းကာ အရှုံးနှင့်ပင်ရင်ဆိုင်ရမှုများရှိကြောင်း သိရသည်။ "စိုက်တဲ့အပေါ်မူတည်ပြီး ထွက်နှုန်း မတူဘူး။ တစ်ဧက ၈ တန် ၉ တန်ထွက်သူလည်း ရှိတယ်၊ ဒါက တနိုင်တပိုင်စိုက်သူတွေပေါ့၊ စီးပွားဖြစ်စိုက်တဲ့သူတွေကျ ၁၅ တန်ကနေ ၁၇ တန်ထိထွက်တယ်။ ဖရဲတစ်ဧကကို သေချာစနစ်တကျမြေဩဇာသုံးမယ်ဆိုရင် ၄၅ သိန်းလောက်ကုန်တယ်။ ဒါက ၁၅ တန်ကနေ ၁၇ တန်ထွက်တယ်။ ဒါတွေက ပြည်တွင်းဈေးကွက်ကို ရောင်းချမယ်ဆိုရင် မကိုက်ဘူးရှုံးတယ်။ သွင်းအားစုဈေးတွေကလည်း ၃ ဆလောက် တက်သွားတယ်၊ စက်သုံးဆီကလည်း တစ်ဂါလံ ၁၀၀၀၀ ကျော်နေပြီ၊ လုပ်သား တစ်ယောက်ကလည်း တစ်ရက် ၉၀၀၀ ရှိတယ်။ မိုးရာသီက ကုန်ကျစရိတ်တော့နည်းတယ်၊ တပိုင်တနိုင် ၄ ဧက ၅ ဧက သမားလေးတွေ စိုက်ကြတာ၊ သဘာဝနည်းနဲ့စိုက်ကြတာများတယ်"ဟု ဖရဲစိုက်တောင်သူတစ်ဦးမှပြောသည်။ ယခုမိုးရာသီကာလတွင် ဖရဲစိုက်ပျိုးခြင်းကို စီးပွားဖြစ်လုပ်ကိုင်သည့်လုပ်ငန်းရှင်များက စိုက်ပျိုးမှုရပ်နားထားကြပြီး တနိုင်တပိုင်လုပ်ကိုင်ကြသည့် တောင်သူများကသာစိုက်ပျိုးကြကြောင်းသိရသည်။

ဖရဲသီးကို ပြည်ပတင်ပို့မှုအနေဖြင့် ယခု ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှဩဂုတ်လအတွင်း ဖရဲတန်ချိန် ၁၁၃၀၀၀ ကျော် တရုတ်နိုင်ငံကို တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

Source: AMIA

Myanma Awba

## STOCK EXCHANGE (4.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,636 (Shares) | 35,083,750 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,000 | +100 | +1.12% | 8,900 | 9,000 | 8,900 | 1,198 | 10,662,500 | 33,109,694 | 297,987 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,000 | 3,050 | 3,000 | 3,178 | 9,534,150 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 1,039 | 1,766,300 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 259 | 621,600 | 12,823,224 | 30,776 |
| EFR | 00006 | 2,150 | -50 | -2.27% | 2,200 | 2,200 | 2,100 | 1,138 | 2,416,000 | 19,977,223 | 42,951 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 1,000 | 5,000,000 | 10,497,598 | 52,488 |
| MAEX | 00008 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 2,824 | 5,083,200 | 23,804,946 | 42,849 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 4th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 378.11 | +1.23 | +0.33% | 375.85 | 378.11 | 374.79 | 10,636 | 35,083,750 | 8 | 713,182 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 4th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 10,636 (Shares) | 35,083,750 (MMK) |

## Main Board

As of 1:00 pm, 4th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,636 (Shares) | 35,083,750 (MMK) |

| MYANPIX | 378.11 |
|---|---|
| | ▲ 1.23 |
| Total Volume (shares) | 10,636 |
| Total Value (MMK) | 35 mil |
| Listed Company | 8 |
| Market Cap. (MMK) | 713,182 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,000 | ▲ 100 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,150 | ▼ 50 |
| AMATA | 00007 | 5,000 | ▲ 0 |
| MAEX | 00008 | 1,800 | ▲ 0 |